# မြေယာသိမ်းယူမှုဆိုင်ရာ အစီရင်ခံစာ ရေးသားသူများနှင့် အမေးအဖြေ

## အဓိကတွေ့ရှိချက်တွေက ဘာတွေလဲ။

**၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးများအတွင်း ရိုဟင်ဂျာများ၏ မြေယာနှင့် အိုးအိမ်များ ဖျက်ဆီးခံရခြင်းနှင့် သိမ်းယူခံရခြင်း – အများပြည်သူဖတ်ရှုရန် အစီရင်ခံစာအကျဉ်းချုပ်**သည် တရားစီရင်ရေးအာဏာပိုင်များအတွက် ပြင်ဆင်ထားသော လျှို့ဝှက် အစီရင်ခံစာကို အခြေခံသည်။ ယင်းအစီရင်ခံစာတွင် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ကျေးရွာ အုပ်စုပေါင်း (၇) စုတွင် ရိုဟင်ဂျာများ၏ နေအိမ်များ၊ လယ်ယာများ၊ ဗလီများနှင့် အခြားပိုင်ဆိုင်မှု ပစ္စည်းဥစ္စာများ ဖျက်ဆီးခံရခြင်းနှင့် သိမ်းယူခံရခြင်းတို့ကို အသေးစိတ်ဖော်ပြထားသည်။ ထို့အပြင် ရိုဟင်ဂျာများ၏ ကာလကြာရှည်စွာတည်ရှိသည့် အမှတ်အသားအားလုံး ပျောက်ကွယ်စေရန်ရည်ရွယ်၍ ယင်းမြေယာများကို အသွင်ပြောင်းအသုံးချရာတွင် ပါဝင်ပတ်သက်ခဲ့သည့် မြန်မာလုံခြုံရေးတပ်ဖွဲ့များ၊ စီးပွားရေးလုပ်ငန်းကြီးများ၊ ပြည်တွင်းကုမ္ပဏီများနှင့် အခြားသောအဖွဲ့အစည်းများကို ဖော်ထုတ်ထားသည်။

စိစစ်လေ့လာခဲ့သည့် ကျေးရွာအုပ်စုအားလုံးတွင် ၂၀၁၇ ခုနှစ်က ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် ရိုဟင်ဂျာများ ထွက်ပြေးသွားပြီးနောက်ပိုင်း ၎င်းတို့၏ နေအိမ်များနှင့် ပိုင်ဆိုင်မှုများကို မြန်မာစစ်တပ်က ဖျက်ဆီးခဲ့သည်။ ထို့နောက် ဖျက်ဆီးခံထားရသည့် မြေနေရာများပေါ်တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ (BGP) ၏ အခြေစိုက်စခန်းများကို ဆောက်လုပ်ခဲ့သည်။ ဥပမာအားဖြင့် ယန္တရား၏ စုံစမ်းစစ်ဆေးမှုများအရ ရိုဟင်ဂျာမိသားစုများ မျိုးရိုးစဉ်ဆက်အလိုက် နေထိုင်ခဲ့ကြသည့် မြို့သူကြီးကျေးရွာတွင် ၂၀၁၇ ခုနှစ် မတိုင်မီက အိမ်ခြေပေါင်း ၈၀၀ ကျော်၊ ဆိုင်များ၊ ဈေးများနှင့် ဗလီများရှိခဲ့ကြောင်း တွေ့ရသည်။ ၂၀၁၈ ခုနှစ်ရောက်သည့်အခါ မြေဧကပေါင်း ၄၁၁ ဧကကျော် မီးရှို့ဖျက်ဆီးခံခဲ့ရပြီး ယခင်ရိုဟင်ဂျာကျေးရွာများ တည်ရှိခဲ့သည့်နေရာတွင် BGP အခြေစိုက်စခန်းကြီး တစ်ခုကို တည်ဆောက်ခဲ့သည်။

## ယင်းတွေ့ရှိချက်များသည် ဘာကြောင့် အရေးကြီးသလဲ။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးအတွင်း ရိုဟင်ဂျာများကို ကျူးလွန်ခဲ့သည့် သတ်ဖြတ်မှုများနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခဲ့သူများကို တာဝန်ခံမှုရှိစေရန် လုပ်ဆောင်ခြင်းသည် ဦးစားပေးဖြစ်သော်လည်း ရိုဟင်ဂျာများ ပြန်စရာနေအိမ်များမရှိစေရန် ရည်ရွယ်၍ ၎င်းတို့၏ မြေယာနှင့်အိုးအိမ်များကို တမင်တကာ ဖျက်ဆီးခဲ့သည့် လုပ်ရပ်များအတွက်လည်း တာဝန်ခံမှုရှိရမည်ဖြစ်သည်။ မြေယာနှင့် အိုးအိမ်များအတွက် ပြန်လည်ကုစားမှုပေးခြင်းသည် ရိုဟင်ဂျာလူမျိုးအတွက် တရားမျှတမှုရရှိရေးဆောင်ရွက်ရာတွင် အရေးပါသည့် အစိတ်အပိုင်းတရပ်ဖြစ်သည်။ ပြန်လည်ကုစားမှုသည် ရိုဟင်ဂျာများ၏ အခွင့်အရေးများကို ပြန်လည်တည်ထောင်ခြင်း၊ လူမှုဘဝများပြန်လည်တည်ဆောက်ခြင်းနှင့် ဂုဏ်သိက္ခာရှိစွာ မြန်မာနိုင်ငံသို့ ပြန်လည်နေထိုင်ခြင်းအတွက် မဖြစ်မနေ လိုအပ်သည်။

ယင်းအစီရင်ခံစာတွင် ရိုဟင်ဂျာလူမျိုးများ၏ ပိုင်ဆိုင်မှုများနှင့် မြေယာများ ဖျက်ဆီးခံရမှုကို စီးပွားရေးအရ တိုင်းတာနိုင်ကြောင်းကို ဖော်ပြထားသည့်အပြင်၊ ထိုသို့ဖျက်ဆီးမှုများမှ အကျိုးအမြတ်ရရှိခဲ့သည့် အဖွဲ့အစည်းများကိုလည်း ဖော်ထုတ်ထားသည်။ ဤအချက်အလက်များသည် လက်ရှိနှင့်အနာဂတ်တွင် တရားစွဲဆိုမှုများကို အထောက်အကူပြုမည့်အပြင် ပြန်လည်ကုစားမှုပေးခြင်းဆိုင်ရာ ကြိုးပမ်းမှုများအတွက် ဥပဒေဆိုင်ရာလမ်းကြောင်းအသစ်များ ဖွင့်ပေးနိုင်မည်ဟု မျှော်လင့်ပါသည်။

## နည်းစနစ်ပိုင်းတွင် မည်သို့သောအခက်အခဲများနှင့်ရင်ဆိုင်ခဲ့ရလဲ။

ရိုဟင်ဂျာများသည် အစဉ်တစိုက် ခွဲခြားဆက်ဆံခံရခြင်း၊ အင်အားသုံး၍ နယ်မြေများမှ ဖယ်ရှားခံရခြင်းနှင့် ပိုင်ဆိုင်မှုမှတ်တမ်းများ ရရှိရန် ကန့်သတ်ခံရခြင်းများနှင့် ရင်ဆိုင်ရသည်။ ဤအစီရင်ခံစာသည် အဆိုပါအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် မျက်မြင်သက်သေထွက်ဆိုချက်များ၊ ဂြိုလ်တုပုံရိပ်များ၊ ဗီဒီယိုမှတ်တမ်းများနှင့် တရားဝင်မှတ်တမ်းမှတ်ရာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုထားသည်။

ကျေးရွာများကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်းနှင့် BGP အခြေစိုက်စခန်းများ ဆောက်လုပ်ခြင်းတို့ကြောင့် အဆောက်အဦးများ၊ ပိုင်ဆိုင်မှုမှတ်တမ်းများနှင့် အခြားသောအထောက်အထားများ မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် အနာဂတ်တွင် ယင်းမြေနေရာများသို့ သွားရောက်ကာ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ရန် ပိုမိုခက်ခဲစေသည်။ ထို့ကြောင့် ယန္တရားသည် ဝေဟင်မှဓာတ်ပုံများ၊ မှုခင်းတည်နေရာ ဓာတ်ပုံများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အထောက်အထားများနှင့် ပွင့်လင်းရင်းမြစ် အထောက်အထားများကဲ့သို့သော တန်ဖိုးရှိသည့် အထောက်အထားပုံစံမျိုးစုံကို စုဆောင်းလျက်ရှိသည်။

## ဤစုံစမ်းစစ်ဆေးမှုတွင် နည်းပညာများကို ဘယ်လိုအသုံးပြုခဲ့သလဲ။

ယန္တရားသည် အထူးမွမ်းမံထားသော ဒစ်ဂျစ်တယ်ကိရိယာများနှင့် လုပ်ငန်းစီးဆင်းမှုစနစ်များကို အသုံးပြုသောကြောင့် များပြားသော အထောက်အထားများကို လုံခြုံစွာ စုဆောင်းထိန်းသိမ်းနိုင်ပြီး၊ အချက်အလက်များကို အချိန်နှင့်တပြေးညီ စိစစ်သုံးသပ်နိုင်ကာ လုပ်ငန်းအဖွဲ့များကြား ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။ ထို့ကြောင့် မြန်ဆန်မှု၊ တိကျမှုနှင့် ညှိနှိုင်းဆောင်ရွက်နိုင်မှုများ တိုးတက်ကာ ရှုပ်ထွေးပြီး ပမာဏကြီးမားသည့် စိစစ်သုံးသပ်ရေးလုပ်ငန်းများအတွက် စံနမူနာအသစ်တစ်ရပ် ချမှတ်နိုင်ခဲ့သည်။

## ဤအစီရင်ခံစာကို ဘယ်လိုအသုံးပြုမလဲ။

တရားရေးအာဏာပိုင်များထံ လျှို့ဝှက်အစီရင်ခံစာ အပြည့်အစုံကို မျှဝေမည်ဖြစ်သော်လည်း သက်သေများကို ကာကွယ်ရန်၊ အထောက်အထားများ၏ ခိုင်မာမှုကို ထိန်းသိမ်းရန်နှင့် ဆက်လက်လုပ်ဆောင်နေသော စုံစမ်းစစ်ဆေးမှုများအတွက် လျှို့ဝှက်ထားရန်လိုအပ်သည့်အချက်များကို ဖယ်ရှားပြီး အများပြည်သူဖတ်ရှုနိုင်ရန်အတွက် ယန္တရားသည် ဤအစီရင်ခံစာအကျဉ်းချုပ်ကို ထုတ်ပြန်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ မျှော်လင့်ချက်မှာ မြန်မာနိုင်ငံတွင်ကျူးလွန်ခဲ့သည့် အကြီးလေးဆုံး နိုင်ငံတကာရာဇဝတ်မှုများအတွက် တာဝန်ခံမှုရှိစေရေးနှင့် ပြန်လည်ကုစားပေးမှုများ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းနေသည့် အခြားအစုအဖွဲ့များကလည်း ဤစိစစ်သုံးသပ်ချက်ကို အသုံးပြုနိုင်ရန် ရည်ရွယ်သည်။